*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာနိုင်ငံရွေးကောက်ပွဲများနှင့် မြန်မာအမျိုးသမီးလွှတ်တော်အမတ်များ (၃)



မောင်စာဂ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့များ ပြောင်းလဲဖွဲ့စည်းခြင်း

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဦးသိန်းစိုး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပေးခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လွှတ်တော်မဲဆန္ဒနယ်အများစုတွင် ရွေးကောက်တင်မြှောက်ခံရသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ဦးတင်အေး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဦးတင်အေး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပေးခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လွှတ်တော်မဲဆန္ဒနယ်အများစုတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဦးထင်ကျော်အား နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ပေါ်ပေါက်လာခြင်း

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွက် နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခံရသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဖွဲ့စည်းရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့တွင်လည်းကောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွင် လည်းကောင်း ရွေးကောက်တင်မြှောက်ခံလွှတ်တော်ကိုယ်စားလှယ်အချို့ ပါဝင်ခဲ့သောကြောင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပေးခဲ့ရသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အချို့ ကွယ်လွန်သွားခြင်းကြောင့်လည်း လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ ပြည်သူ့လွှတ်တော်အတွက် ကိုးနေရာ၊ အမျိုးသားလွှတ်တော်အတွက် သုံးနေရာ၊ ပြည်နယ်လွှတ်တော်အတွက် ခုနစ်နေရာ စုစုပေါင်း ၁၉ နေရာ လစ်လပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ပေါ်ပေါက်လာသည်။

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီအထိ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခဲ့သော ပါတီ တစ်ပါတီ ရှိသည်။ ယခင်မှတ်ပုံတင်ပြီး နိုင်ငံရေးပါတီများနှင့်ပေါင်းပါက စုစုပေါင်း ၉၂ ပါတီရှိသည်။

## ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ၂၇-၁၀-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် ၂၃/၂၀၁၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၄ ပါတီမှ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇ ဦး၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး စုစုပေါင်း ၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က ၁၈ နေရာစီဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

## ကြားဖြတ်ရွေးကောက်ပွဲရလဒ်

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်သူ့လွှတ်တော်အတွက် ငါးနေရာ၊ အမျိုးသားလွှတ်တော်အတွက် သုံးနေရာ၊ ပြည်နယ်လွှတ်တော်အတွက် တစ်နေရာ စုစုပေါင်း ကိုးနေရာ အနိုင်ရရှိသည်။ ကျန်မဲဆန္ဒနယ်များတွင် ရှမ်းတိုင်းရင်း သားများဒီမိုကရေစီအဖွဲ့ချုပ် ခြောက်နေရာ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ နှစ်နေရာနှင့် ကျန်ပါတီများဖြစ်သော ရခိုင်အမျိုးသားပါတီနှင့် လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်) တို့က တစ်နေရာစီ အနိုင်ရရှိခဲ့သည်။

## ရွေးကောက်တင်မြှောက်ခံရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသားလွှတ်တော်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်စန်းစန်းမြင့် (ပဲခူး-၄)၊ ပြည်နယ်လွှတ်တော်တွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဒေါ်နန်းကောင်ခမ်း (မိုင်းရှူး-၂) တို့ ရွေးကောက်တင်မြှောက်ခံရသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တိုးချဲ့ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၈) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတရုံး၏ ၁၄-၆-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ် ၁၄/၂၀၁၇ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် အဖွဲ့ဝင်နှစ်ဦး ထပ်မံ၍ တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း ကြေညာခဲ့သည်။ ယခင်က အဖွဲ့ဝင်လေးဦးရှိရာ နှစ်ဦး ထပ်မံခန့်အပ်တာဝန်ပေးအပ်သဖြင့် အဖွဲ့ဝင်ခြောက်ဦးဖြစ်လာသည်။

## နိုင်ငံတော်သမ္မတပြောင်းလဲခဲ့ခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၁-၃-၂၀၁၈ ရက်စွဲပါ သတင်းထုတ်ပြန်ချက်အမှတ် ၁/၂၀၁၈ အရ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် နိုင်ငံတော်သမ္မတတာဝန်မှ အနားယူခဲ့သည်။ ပြည်ထောင်စု လွှတ်တော်ရုံး၏ ၂၈-၃-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁/၂၀၁၈ အရ ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ကြောင်းကြေညာခဲ့သည်။

## ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ပေါ်ပေါက်လာခြင်း

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခံရခြင်း၊ အချို့သော လွှတ်တော်ကိုယ်စားလှယ်များ နုတ်ထွက်ခြင်း၊ ကွယ်လွန်သွားခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်မှုဖြစ်ခဲ့သည်။

ပြည်သူ့လွှတ်တော်အတွက် လေးနေရာ၊ အမျိုးသားလွှတ်တော်အတွက် တစ်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အတွက် ရှစ်နေရာ၊ (ယင်းတွင် မန္တလေးတိုင်းဒေသကြီးအတွက် ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် တစ်နေရာပါဝင်သည်) စုစုပေါင်း ၁၃ နေရာ လစ်လပ်ခဲ့သည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ပေါ်ပေါက်လာခဲ့သည်။

## နိုင်ငံရေးပါတီများမှတ်ပုံတင်မှုအခြေအနေ

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးနောက် နိုင်ငံရေးပါတီအဖြစ် ကိုးပါတီ ထပ်မံ၍မှတ်ပုံတင်ခဲ့သော်လည်း အချို့နိုင်ငံရေးပါတီများ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ပြန်လည်မှတ်ပုံတင်ခြင်း၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသည့် ပါတီတစ်ခုကို ဖျက်သိမ်းလိုက်ခြင်းတို့ကြောင့် နိုင်ငံရေးပါတီစုစုပေါင်း ၉၅ ပါတီ ဖြစ်လာသည်။

## ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၈-၅-၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ၆၀/၂၀၁၈ အရ ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၄ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး စုစုပေါင်း ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက လစ်လပ်လွှတ်တော်ကိုယ်စားလှယ်နေရာအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲဆန္ဒနယ်သုံးနေရာမှအပ ကျန်လစ်လပ်လွှတ်တော်ကိုယ်စားလှယ်နေရာအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

## ရွေးကောက်ပွဲရလဒ်

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ခံရသည်။

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် မြင်းခြံမြို့နယ်တွင် ဦးစိန်မြင့် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တာမွေမြို့နယ်တွင် ဦးတိုးဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ကန်ပက်လက်မြို့နယ်တွင် ဦးညွန့်ဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ လဲချားမြို့နယ်တွင် စိုင်းဥက္ကာ (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်) တို့ ရွေးကောက်တင်မြှောက်ခံရသည်။

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ကချင်ပြည်နယ် (မဲဆန္ဒနယ်-၂) တွင် ဦးဆီဟူးဒွေ့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) က ရွေးကောက်တင်မြှောက်ခံရသည်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် မတူပီ (၁) တွင် ဦးအောင်လျန် (ချင်း ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တမူး (၂) တွင် ဦးရှိထန်းပွီးယာ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)၊ အုတ်တွင်း (၁) တွင် ဦးကျော်ဇေယျ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ မင်းဘူး (၂) တွင် ဦးကျော်ငွေ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ သပိတ်ကျင်း (၁) တွင် ဦးစိုးလွင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ရသေ့တောင် (၂) တွင် ဦးတင်မောင်ဝင်း (တစ်သီးပုဂ္ဂလ)၊ ဆိပ်ကမ်း (၂) တွင် ဦးနေမျိုးအောင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) တို့ ရွေးကောက်တင်မြှောက်ခံရသည်။

## ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၄ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး စုစုပေါင်း ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ သို့ရာတွင် ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်မရှိခဲ့ပါ။

စာမျက်နှာ ၁၆ သို့

မြန်မာနိုင်ငံရွေးကောက်ပွဲများနှင့်မြန်မာအမျိုးသမီး ... စာမျက်နှာ ၁၅ မှ

## သမိုင်းကြောင်းအခြေခံပစ္စုပ္ပန်မှသည် အနာဂတ်ဆီသို့

မြန်မာနိုင်ငံ သမိုင်းကြောင်းတစ်လျှောက် ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ ယနေ့အထိ ကျင်းပပြီးခဲ့သည့် လွှတ်တော် ရွေးကောက်ပွဲများနှင့် မြန်မာအမျိုးသမီး လွှတ်တော်အမတ်များ ရွေးချယ်ခံရမှု အခြေအနေများကို ဖော်ပြခဲ့ပြီးဖြစ်သည်။ မည်သည့် ခေတ်၊ မည်သည့်စနစ်တွင်မဆို ဒီမိုကရေစီ ကျင့်စဉ်အရ ပြည်သူ့အတွက်၊ ပြည်သူတို့ဖြင့် ပြည်သူတို့အကျိုးကို ဖော်ဆောင်နိုင်မည့် ပြည်သူ့အစိုးရကို ရွေးချယ်နိုင်ရေးမှာ ပြည်သူ သည်သာ အခရာဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရပါဦးမည်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ယခင် ရွေးကောက်ပွဲအတွေ့ အကြုံများနှင့် ပြည်သူတို့၏ ဘ၀၊ ပြည်သူတို့၏ဆန္ဒကို အလေးထား၍ ပြည်သူအားလုံးစိတ်ပါဝင်စားစွာ ပါဝင်လာစေရေး ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပါဦးမည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်မှုများနှင့်အတူ ယခင်ဖော်ပြခဲ့ပြီးသော မြန်မာနိုင်ငံရွေးကောက်ပွဲများနှင့် မြန်မာအမျိုးသမီးလွှတ်တော်အမတ်များ ရွေးချယ်ခဲ့မှု အကြောင်းကို အနှစ်ချုပ်စုစည်းသုံးသပ်လျက် ဆက်လက်ဖော်ပြပါဦးမည်။